## ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်။
(၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်။)

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေညာသည်။

# ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရေး ဥပဒေ

[၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄။]

## နိဒါန်း

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီသည်၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်အရ၊ ပြည်ထောင်စု မြန်မာနိုင်ငံတွင် ဆိုရှယ်လစ် လူ့ဘောင်ကို တည်ဆောက်လျက် ရှိပေသည်။ ယင်းသို့တည်ဆောက်နိုင်ရန် အလို့ငှါပြည်ထောင်စု မြန်မာနိုင်ငံအတွက် လိုအပ်သော စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးဆိုင်ရာ အတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများကို ပြုစုပျိုးထောင်နိုင်ရန်နှင့် စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရပ်ဆိုင်ရာလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် တော်လှန်ရေး ကောင်စီသည်၊ အောက်ပါ ဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁

### အမည်၊ အာဏာတည်သည့်နေ့ရက်နှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရေး ဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံ တဝှမ်းလုံးတွင် ချက်ခြင်း အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင် စကားရပ်များသည်၊ အောက်ပါအတိုင်း အဓိပ္ပါယ်သက်ဝင်စေရမည်—

(က) "ဤဥပဒေ" ဆိုသည်မှာ၊ ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရေး ဥပဒေကိုဆိုသည်။
(ခ) "စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရပ်များ" ဆိုသည်မှာ၊ စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရေး၏ အဓိက ရည်မှန်းချက်များကို အ

ကောင်အထည် ဖော်ရန်အတွက် စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာ ဦးစီးဌာနက ကြီးကြပ်ကွပ်ကဲသည့် စက်မှု၊ စိုက်ပျိုးနှင့် သက်မွေး ပညာသင်ကျောင်း/သိပ္ပံ အသီးသီးမှ သင်ပြလေ့ကျင့်ပေးသော မည် သည့် အသက်မွေးဝမ်းကျောင်း ပညာရပ်ကိုမဆို ဆိုသည်။

(ဂ) "စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာသင်ကျောင်း/သိပ္ပံ" ဆိုသည် မှာ၊ စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာဦးစီးဌာနက ကြီးကြပ်ကွပ်ကဲ သော အသက်မွေးဝမ်းကျောင်း ပညာရပ်များကို သင်ပြ လေ့ကျင့် ပေးသည့်ကျောင်း၊ သို့မဟုတ် သိပ္ပံကိုဆိုသည်။

(ဃ) "ကောင်စီ" ဆိုသည်မှာ၊ ပုဒ်မ ၄ အရ ဖွဲ့စည်းသည့် စက်မှု၊ စိုက်ပျိုး နှင့် သက်မွေးပညာရေး ကောင်စီကို ဆိုသည်။

## အခန်း ၂

## ရည်မှန်းချက်များ

၃။ စက်မှု၊ စိုက်ပျိုးနှင့် သက်မွေး ပညာရေး၏ အဓိက ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်စေရမည်—

(က) စက်မှုလုပ်ငန်းများ တည်ထောင်ရာတွင် လိုအပ်မည့် အတတ်ပညာရှင် များနှင့် ကျွမ်းကျင်သူများကို ပြုစုပျိုးထောင်ပေးရန်၊

(ခ) စိုက်ပျိုး၊ မွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ယင်း လုပ်ငန်းများတွင် ခေတ်မီ နည်းစနစ်များကို ကျယ်ပြန့်စွာ အသုံးချ လာစေရန် လိုအပ်မည့်အတတ်ပညာရှင်များနှင့် ကျွမ်းကျင်သူများကို ပြုစုပျိုးထောင်ပေးရန်၊

(ဂ) ပြည်ထောင်စု မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စနစ် များနှင့် ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်း ပညာရပ်များကို လိုအပ်သလို တိုးချဲ့သင်ကြားပေးရန်၊

(ဃ) အတတ်ပညာရှင်များနှင့် ကျွမ်းကျင်သူများကို ပြုစုပျိုးထောင်ရာတွင် ဆိုရှယ်လစ် ဘဝသိစိတ်ဓာတ်နှင့် ခံယူချက်များပါ ပြည့်ဝစေရန် အစီ အစဉ်များချမှတ်၍ ဆောင်ရွက်ပေးရန်။

## အခန်း ၃

## ဖွဲ့စည်းပုံ

၄။ စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရေး၏ အဓိက ရည်မှန်းချက်များကို အကောင်အထည် ဖော်ရာတွင် တိကျစွာ ညွှန်ကြားပေးနိုင်ရေးအတွက် ပညာရေး ဝန်ကြီး ဌာနသည် စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရေး ကောင်စီတရပ်ကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းပေးရမည်။

၅။ ။စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရေး ကောင်စီတွင် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်စေရမည်—

(က) ပညာရေးဝန်ကြီး .... .... ဥက္ကဋ္ဌ။

(ခ) ဒုတိယဝန်ကြီး၊ ပညာရေး ဝန်ကြီးဌာန .... ဒုတိယဥက္ကဋ္ဌ။

(ဂ) မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် ပါတီက ဦးဆောင်သော လူထု လူတန်းစား အဖွဲ့အစည်းများမှ ကိုယ်စားလှယ် သုံးဦး။ အဖွဲ့ဝင်။

(ဃ) ညွှန်ကြား ရေးမှူးချုပ်၊ စက်မှု၊ စိုက်ပျိုးနှင့် သက်မွေး ပညာ ဦးစီးဌာန။ အဖွဲ့ဝင်။

(င) ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန .... အဖွဲ့ဝင်။

(စ) ညွှန်ကြားရေးမှူးချုပ်၊ အထက်တန်းပညာ ဦးစီးဌာန အဖွဲ့ဝင်။

(ဆ) ဥက္ကဋ္ဌ၊ ပြည်ထောင်စု မြန်မာနိုင်ငံ စာစစ်အဖွဲ့ .... အဖွဲ့ဝင်။

(ဇ) ပါမောက္ခချုပ်၊ ရန်ကုန်စက်မှု တက္ကသိုလ် .... အဖွဲ့ဝင်။

(ဈ) ပါမောက္ခချုပ်၊ စိုက်ပျိုးရေး တက္ကသိုလ် .... အဖွဲ့ဝင်။

(ည) လယ်ယာနှင့် သစ်တောဝန်ကြီးဌာနမှကိုယ်စားလှယ် တစ်ဦး။ အဖွဲ့ဝင်။

(ဋ) သတ္တုတွင်း ဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး .... အဖွဲ့ဝင်။

(ဌ) စက်မှု ဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး .... အဖွဲ့ဝင်။

(ဍ) အလုပ်သမားဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး .... အဖွဲ့ဝင်။

(ဎ) ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်။

(ဏ) ပို့ဆောင် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ ကိုယ်စားလှယ် တစ်ဦး။ အဖွဲ့ဝင်။

(တ) ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနမှ ကိုယ် စားလှယ်တစ်ဦး။ အဖွဲ့ဝင်။

(ထ) အစိုးရခန့်ပုဂ္ဂိုလ်များ .... .... အဖွဲ့ဝင်။

(ဒ) ညွှန်ကြားရေးမှူး၊ စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာ ဦးစီးဌာန။ အတွင်းရေးမှူး

(ဓ) ဒုတိယညွှန်ကြားရေးမှူး (စက်မှု လက်မှု)၊ စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာ ဦးစီးဌာန။ .... တွဲဖက် အတွင်း ရေးမှူး။

(န) ဒုတိယညွှန်ကြားရေးမှူး (စိုက်ပျိုး)၊ စက်မှု၊ စိုက် ပျိုးနှင့် သက်မွေးပညာ ဦးစီးဌာန။ .... တွဲဖက် အတွင်း ရေးမှူး။

၆။ ။စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရေး ကောင်စီတွင် ပါဝင်ကြသောရာထူး အရ မဟုတ်သည့် အဖွဲ့ဝင်များ၏ သက်တမ်းသည် သုံးနှစ်ဖြစ်စေရမည်။

## အခန်း ၄

## ကောင်စီ၏လုပ်ငန်းတာဝန်များ

၇။ စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရေး ကောင်စီ၏ လုပ်ငန်း တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်စေရမည်—

(က) စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာ သင်ကျောင်း/သိပ္ပံ အသီးသီးရှိ သင်တန်းများသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏ စီးပွားရေး စီမံကိန်းနှင့် စပ်ဟပ်မှုရှိစေရန် လည်းကောင်း၊ မြန်မာ့ ဆိုရှယ်လစ်လူ့ဘောင် တည်ဆောက် ထိန်းသိမ်းမှု အတွက်၊ သင့်တော်သည့် အသက်မွေး ဝမ်းကျောင်း ပညာရပ်များကိုလည်း လိုအပ် သလို တိုးချဲ့သင်ပြရန် လည်းကောင်း၊ စက်မှု၊ စိုက်ပျိုးနှင့် သက်မွေး ပညာဦးစီးဌာနအား လမ်းညွှန်မှုများ ချမှတ်ပေးခြင်း။

(ခ) လိုအပ်သော စက်မှု၊ စိုက်ပျိုးနှင့် သက်မွေး ပညာသင်ကျောင်း၊ သိပ္ပံများ တိုးချဲ့ဖွင့်လှစ်ရေးအတွက် ပညာရေးဝန်ကြီးဌာနသို့ ထောက်ခံတင်ပြခြင်း။

(ဂ) စက်မှု၊ စိုက်ပျိုးနှင့် သက်မွေး ပညာသင်ကျောင်း/သိပ္ပံ အသီးသီးရှိ သင်တန်းများ၊ ယင်း သင်တန်းများအတွက် သင်ရိုးညွှန်းတမ်း/သင်ရိုးမာတိကာ၊ ကျောင်းသုံးစာအုပ်များနှင့် သင်ကြားရမည့် အချိန်ကာလများကို လိုအပ်သည့် အဆင့်အတန်း ရှိစေရန်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စနစ်များနှင့် ကိုက်ညီအောင် စိစစ်၍ အတည်ပြုပေးခြင်း။

(ဃ) အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာကို ဆက်လက်မသင်ကြားနိုင်သူများအား သင့်တော်မည့် အဆင့်တွင်၊ သင့်တော် မည့် အသက်မွေးဝမ်းကျောင်း ပညာရပ်များကို သင်ပြရေးအတွက် ပညာရေးဝန်ကြီးဌာနသို့ ထောက်ခံတင်ပြခြင်း။

(င) စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာသင် ကျောင်း/သိပ္ပံတို့ အတွက် ဆရာများပြုစုမျိုးထောင်ရာတွင် လိုအပ်သော သင်တန်းများဖွင့်လှစ်ရေးအတွက် ပညာရေးဝန်ကြီးဌာနသို့ ထောက်ခံတင်ပြခြင်း။

(စ) စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာ သင်ကျောင်း/သိပ္ပံတို့ အတွက် ပညာရေး ကော်မီတီများ၊ ကျောင်း၊ သို့မဟုတ် သိပ္ပံ စီမံခန့်ခွဲရေး အဖွဲ့များ၊ စာစစ်အဖွဲ့များ၊ သင်ရိုးညွှန်းတမ်း အဖွဲ့များ၊ ကျောင်းသုံးစာအုပ် ပြုစုရေး ကော်မီတီနှင့် အခြား အဖွဲ့များကို လိုအပ် သလို ဖွဲ့စည်းပေးခြင်း။

(ဆ) အပိုဒ် (စ) အရ ဖွဲ့စည်းပေးသည့် ကော်မီတီနှင့် အဖွဲ့အသီးသီး၏ အဖွဲ့ဝင်ဦးရေနှင့် လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း။

## အခန်း ၅

## စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရေးစီမံခန့်ခွဲမှု

၈။ ။စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရေးကို ပညာရေးဝန်ကြီးဌာနကကြီးကြပ်ကွပ်ကဲရမည်။

၉။ ။စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာ ဦးစီးဌာနသည်၊ စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရေး၏ အဓိကရည်မှန်းချက်များ အောင်မြင် တမြောက်စေရန်၊ စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရေး ကောင်စီနှင့် ယင်းကောင်စီက ဖွဲ့စည်းထားသော ကော်မီတီများ၊ အဖွဲ့များနှင့် ညှိနှိုင်း၍ လိုအပ်သလို ဆောင်ရွက်သွားရမည်။

၁၀။ ။စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာသင် ကျောင်းနှင့် သိပ္ပံအသီးသီးမှအောင် လက်မှတ် ထုတ်ပေးရေးအတွက် စာမေးပွဲများကို စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာ ဦးစီးဌာနက ကြီးကြပ်ကွပ်ကဲ၍ ဆောင်ရွက်သွားရမည်။

## အခန်း ၆

## ဘဏ္ဍာရေး

၁၁။ ။(က) စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာ ဦးစီးဌာနသည်၊ ယင်း၏ဝင်ငွေ ထွက်ငွေများနှင့် စပ်လျဉ်း၍ အခြား အစိုးရဌာနများ နည်းတူ ရ-သုံးခန့်မှန်းခြေ ငွေစာရင်းကို အစိုးရထံ တင်သွင်းရမည်။

(ခ) စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာ ဦးစီးဌာနသည်၊ ယင်း၏ဝင်ငွေ အားလုံးကို အစိုးရငွေစာရင်းသို့ ရငွေအဖြစ် ထည့်သွင်းရမည်။

(ဂ) စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာ ဦးစီးဌာနသည်၊ ယင်း၏ အသုံးစရိတ်များကို အစိုးရက ပြဋ္ဌာန်းထားသည့် လုပ်ထုံး လုပ်နည်းများနှင့် အညီ သုံးစွဲရမည်။

(ပုံ) နေဝင်း၊

ဥက္ကဋ္ဌ

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်။
(၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်။)

အမိန့်အရ၊

(ပုံ) ဒုတိယ ဗိုလ်မှူးကြီး မြကျော်၊

အတွင်းရေးမှူး၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။